# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အားလုံးပဲ သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေရဲ့ စုစုပေါင်း ၈၇.၄၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဖြစ်တဲ့ ၁၅-၉-၂၀၁၄ ရက်နေ့တွင် အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူများရဲ့ အမည်စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၉ ရက်၊

(၂) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၁ ရက်၊

(၃) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော် ခွင့် ၂ ရက်၊

မူကြမ်း

(၅) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၃ ရက်၊

(၆) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၇) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၁ ရက်၊

(၈) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၂ ရက်၊

(၉) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၁၂ ရက်၊

(၁၀) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၁၂ ရက်၊

(၁၁) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၅ ရက်၊

(၁၂) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ်(ခ)ဦးဦးရယ် ခွင့် ၅ ရက်၊

(၁၃) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၄) တနဲ့ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၅ ရက်၊

(၁၅) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၅ ရက်၊

(၁၆) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၁၇) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၃ ရက်၊

(၁၈) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၃ ရက်၊

(၁၉) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၂၀) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၂၁) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၂၂) စဥ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း ခွင့် ၁ ရက်၊

(၂၃) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၅ ရက်၊

(၂၄) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၂၅) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၂၆) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၂၇) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၂၈) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၂၉) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၃၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၂ ရက်၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၅ ရက်၊

(၃၄) တနင့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း ခွင့် ၅ ရက်၊

(၃၅) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၃၆) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၃၇) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၅ ရက်၊

(၃၈) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၃၉) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၄၀) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၄၁) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဋ္ဌေး ခွင့် ၁ ရက်၊

(၄၂) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁ ရက်၊

(၄၃) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၂ ရက်၊

(၄၄) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၄၅) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၇ ရက်၊

(၄၆) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး ယနေ့ခွင့်ပြုထားသူ ၄၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်ပါမယ်။

**ကွျန်းစုမြို့နယ်၊ စခန်းသစ်ကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား ပြုပြင်ပေးရန်နှင့် ဆရာဝန်တစ်ဦး အစားထိုးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမေးမြန်းသွားမှာကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာအုပ်စု ခုတင် ၁၆ လုံးဆံ့ တိုက်နယ်ဆေးရုံတွင် လစ်လပ်နေသည့် ဆရာဝန်တစ်ဦးကို အစားထိုးခန့်ထားပေးရန်နှင့်ပတ်သက်၍ မေးမြန်းသွားရန်ဖြစ်ပါသည်ရှင့်။ ကျွန်းစုမြို့နယ်၊ စခန်းသစ်ကျေးရွာသည် ကျေးရွာပေါင်း ခြောက်ရွာဖြင့် ဖွဲ့စည်းထားသည့် အုပ်စုကျေးရွာဖြစ်ပြီး လူဦးရေ ၃၀၀၀ ကျော်နှင့် ၎င်းကျေးရွာနှင့် နီးစပ်လျက်ရှိသည့် ကဘင်ကျေးရွာအုပ်စုမှာလည်း ရွာပေါင်း ခုနစ်ရွာနှင့် ဖွဲ့စည်းနေထိုင်ကာ ရေလမ်းခရီးဖြင့်သာ ဆက်သွယ်သွားလာနိုင်ပြီး အရေးပေါ်ကိစ္စများကိုလည်း စခန်းသစ်ကျေးရွာတိုက်နယ်ဆေးရုံကိုသာ မှီခိုအားထားနေကြရပါသည်။ အခုချိန်တွင် အဆိုပါစခန်းသစ်ကျေးရွာ တိုက်နယ်ဆေးရုံမှာ တစ်ဦးတည်းရှိသည့် ဆရာဝန်တစ်ဦးမှာ ပြောင်းရွှေ့သွားသည်မှာ တစ်နှစ်ခန့်ကြာမြင့်သည်ဖြစ်သော်လည်း ယနေ့တိုင် အစားထိုးခန့်ထားပေးခြင်းမရှိသေးပါ။ ၎င်းမေးခွန်းနှင့်တစ်ဆက်တည်း မေးမြန်းခွင့်ပြုပါရန် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးကို ပန်ကြားအပ်ပါသည်ရှင့်။ အလားတူ ကျွန်းစုမြို့နယ်ရှိ ခုတင် ၂၅ လုံးဆံ့ ဆေးရုံတွင်လည်း ဖွဲ့စည်းပုံအရ မြို့နယ်ဆရာဝန်ကြီးတစ်ဦးနဲ့ လက်ထောက်ဆရာဝန် ငါးဦးခန့်ထားခွင့်ရှိသော်လည်း လက်ရှိတွင် လက်ထောက်ဆရာဝန်တစ်ဦးကိုသာ ခန့်ထားခဲ့ပြီး မိုးတွင်းကာလတစ်လျှောက်လုံး ကျွန်းစုမြို့နယ်တွင် ရာသီဥတုဆိုးရွားလှသည့်အပြင် အနောက်မုန်တိုင်းဒဏ်ကြောင့် ကျေးရွာအချို့တွင် အိမ်ခြေအချို့

ပျက်ဆီးခဲ့ရပြီး သွေးလွန်တုပ်ကွေးနဲ့ ငှက်ဖျားရောဂါဝေဒနာရှင်များ တစ်နေ့လျှင် လူနာ ၇၀ ယောက် ခန့်ကို မြို့နယ်ဆရာဝန်ကြီး ကျန်းမာရေးကြောင့် ရန်ကုန်တွင် ဆေးဝါးကုသမှုခံယူနေဆဲကာလတွင် လက်ထောက်ဆရာဝန်တစ်ဦးတည်းဖြင့် မနိုင်မနင်းကုသပေးနေခဲ့ရပါသည်။ ၎င်းအပြင် ယခင်နှစ်က ပြန်လည်ပြုပြင်ပေးခဲ့သည့် X-Ray ဓာတ်မှန်ဟောင်းမှာလည်း လုံးဝပျက်စီးသွားပြီး ပြုပြင်ရန် လုံးဝ မဖြစ်နိုင်တော့ပါ။ အသစ်ဖြင့် အစားထိုးပေးရန် လိုအပ်နေပါသည်။

သို့ပါ၍ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် ပန်ကြား အပ်ပါသည်။ မေးခွန်း(၁) စခန်းသစ်ကျေးရွာ တိုက်နယ်ဆေးရုံမှာ ပြောင်းရွှေ့သွားပြီး လစ်လပ်နေသည့် ဆရာဝန်တစ်ဦးအား ပြန်လည်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၂) ဆေးရုံမှလည်း ပြန်လည် ပြုပြင်ရန်လိုအပ်နေပါသဖြင့် အစားထိုးပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ။ ကွန်းစုမြို့နယ် ဆေးရုံ တွင်လည်း လက်ထောက်ဆရာဝန်များ ထပ်မံဖြည့်သွင်းပေးရန်နှင့် ပျက်ဆီးနေသည့် X-Ray ဓာတ်မှန် အစား ဓာတ်မှန်အသစ်နဲ့ ECG စက်တစ်ခုကို ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ။ စခန်းသစ် တိုက်နယ်ဆေးရုံနှင့် ကွန်းစုဆေးရုံတွင် ဆရာဝန်များ ထပ်မံဖြည့်စွက်ပေးမည်ဆိုပါက မည်သည့် အချိန်တွင် ခန့်အပ်ပေးမည်ဖြစ်ကြောင်းနှင့် အထောက်အကူပြုကိရိယာများကိုလည်း မည်သည့်အချိန် တွင်ထောက်ပံ့ပေးမည်ဖြစ်ကြောင်းကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား မေးမြန်းပေးရခြင်းဖြစ် ပါသည်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာရေးဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့် မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှဖြေကြားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၏ မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ ကွန်းစုမြို့နယ်၊ စခန်းသစ်ကျေးရွာအုပ်စု စခန်းသစ်ကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတွင် လစ်လပ်နေသည့် ဆရာဝန်တစ်ဦးအား ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ခန့်အပ်ပေးရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စခန်းသစ်ကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသည် ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသဖြင့် အစားထိုးပြုပြင်ပေးရန်နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅

ဘဏ္ဍာရေးနှစ်တွင် ကွန်းစုမြို့နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန် ကျပ်သန်း ၁၀၀၊ တာရာပိုင်း ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် ကျပ်သန်း ၁၅၀၊ ပထပ် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် ကျပ်သန်း ၁၅၀၊ ကမွှော်တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန် ကျပ်သန်း ၅၀ တို့ကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စခန်းသစ်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပြန်လည်ပြုပြင်ရန် ၂၀၁၄-၂၀၁၅ ခု ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေမှ ကျခံပေးနိုင်သော ပမာဏဖြစ်ပါက ကျခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကွန်းစုဆေးရုံတွင် ဆရာဝန်အင်အားထပ်မံခန့်အပ်ရန်နှင့် ဓာတ်မှန်အဆင့် ဖြည့်ဆည်းပေးရန်အတွက် မူလမေးခွန်းတွင် ပါရှိခဲ့ခြင်းမရှိသည့်အတွက် ပြန်လည်၍ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ စီမံကိန်းများနှင့် ပြန်လည်စိစစ်ပြီး ပြန်လည်တင်ပြမည်ဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ဟုမ္မလင်းမြို့နယ်၊ နောင်ဆန်းကျင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား စံကိုက်အဆောက်အအုံပုံစံအဖြစ် ၂၀၁၄-၂၀၁၅ နောက်ဆက်တွဲဘတ်ဂျက်တွင် ဆောင်ရွက်ပေးရန်နှင့် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့် ဟုမ္မလင်းမြို့နယ် နောင်ဆန်းကျင်ကျေးရွာမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံအား လွန်ခဲ့တဲ့အနှစ် ၄၀ လောက်ကတည်းက ကျေးရွာသူကျေးရွာသားများက ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ကြတဲ့ အဆောက်အဦဖြစ်ပါတယ်။ သစ်သားတိုင်၊ သစ်သားကာ၊ သွပ်မိုးဖြစ်တဲ့အတွက် နှစ်ပေါင်း ၄၀ ကြာတဲ့အခါမှာ ဥပဓိရုပ်မကောင်းရုံသာအဆင့်မဟုတ်တော့ဘဲ အန္တရာယ်ရှိအဆောက်အအုံအဖြစ် ကျရောက်နေတဲ့အတွက် ဒါကို အမြန်ဆုံးစံကိုက်အဆောက်အဦအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ။ နောက် RECO စတင်ခွင့်ပြုကတည်းက ဖွဲ့စည်းပုံထဲမှာပါမလာတဲ့ ကျန်းမာရေးဆရာမများကြောင့် ဒီဝန်ထမ်းတွေကလည်း လစ်လပ်နေတဲ့အတွက် ဒါတွေကိုရော ယနေ့ကာလမှာ ဖွဲ့စည်းပုံအသစ်နဲ့ ဖြည့်စွက်ပြီးပေးနိုင်ပါရန် အဆောက်အဦပုံစံကိုလည်း ကျွန်တော် ဓာတ်ပုံနဲ့တကွ တင်ပြထားပြီးဖြစ်တဲ့အတွက် ဒီကိစ္စကို ၂၀၁၄-

၂၀၁၅ နောက်ဆက်တွဲဘတ်ဂျက်မှာ ထည့်သွင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ခု ဘတ်ဂျက်အား ငါးနှစ်စီမံကိန်းလျာထားချက်များအပေါ် မူတည်၍ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များ၊ လွှတ်တော်ကတိကဝတ်လုပ်ငန်းများ၊ ဒေသဆိုင်ရာလိုအပ်ချက်များကို ဦးစားပေးအစီအစဉ်အတိုင်း ထည့်သွင်းလျာထားခဲ့ပါတယ်။ ဥပဒေကြမ်းအတည်မပြုမီ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီမှပေးပို့သော ညှိနှိုင်းချက်များကိုလည်း ထည့်သွင်းလျာထားခဲ့ပါတယ်။ ဖြည့်စွက်ရန်ပုံငွေတင်ပြရာမှာ အမျိုးသားစီမံကိန်းဥပဒေတွင်မပါဝင်သော လုပ်ငန်းစီမံကိန်းသစ်များကို တောင်းခံခြင်းမပြုရန်၊ မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများအတွက်ကိုသာ တင်ပြတောင်းခံရန်ဖြစ်သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် နောင်ဆန်းကျင်ကျေးရွာ၏ လိုအပ်ချက်များကို ၂၀၁၄-၂၀၁၅ ခု ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းလျာထားခြင်းမရှိပါကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်အလိုက်ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

ဟုမ္မလင်းမြို့နယ် နောင်ဆန်းကျင်ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ သုံးခုရှိပါတယ်။ အဆိုပါကျေးလက်ကျန်းမာရေးဌာနနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် အခြေခံကျန်းမာရေးဝန်ထမ်းများဖြစ်ကြသော လက်ထောက်ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွားဆရာမ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)နှင့် ဘက်စုံဝန်ထမ်းများကို ဖွဲ့စည်းပုံအပြည့် ခွင့်ပြုထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နောင်ဆန်းကျင်ကျေးလက်ကျန်းမာရေးဌာနတွင် ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော အမျိုးသမီးကျန်းမာရေးဆရာမတစ်ဦးနှင့် ဘက်စုံဝန်ထမ်းတစ်ဦး၊ ခိုတောင်းနှင့် ရေကျော်ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လစ်လပ်သည့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)နှစ်ဦးတို့အား

ခန့်ထားရေးကိစ္စရပ်ကို စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ညောင်ရွှေမြို့နယ် ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံအား ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ကိုယ်စား မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ဦးထွန်းမြင့်ဦး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမဲဆန္ဒနယ်က ဦးဝင်းဆွေ၏ကိုယ်စား မေးခွန်းမေးမြန်းတင်ပြမှာဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်ဟာ ၉၃၆ စတုရန်းမိုင်ကျယ်ဝန်းပြီး မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅ အုပ်စုနှင့် ကျေးရွာပေါင်း ၄၅၄ ရွာပါဝင်ပြီး လူဦးရေအားဖြင့် ၁၈၀၉၃၈ ဦးနေထိုင်တဲ့ မြို့နယ်ကြီးတစ်ခုဖြစ်ပါတယ်။ ညောင်ရွှေမြို့ပေါ်မှာ ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံရှိပြီး ဆေးရုံမြေဧရိယာအကျယ်အဝန်းမှာ ၃.၉၁၂ ဧကရှိပါတယ်။ ညောင်ရွှေမြို့နယ်၏ ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁း၂၁၀၄ ဖြစ်ပြီး ဆေးရုံခုတင်နဲ့ လူဦးရေအချိုးမှာ ၁း၂၂၆၁၇ ဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်အတွင်းရှိ လူဦးရေဟာ တစ်နေ့တခြား တိုးတက်များပြားလာနေတဲ့အပြင် နိုင်ငံဒေသအနှံ့အပြားမှာလာရောက်ကြတဲ့ ဧည့်သည်ဦးရေဟာလည်း တစ်နေ့ထက်တစ်နေ့ တိုးပွားလာနေပါတယ်။

ထို့အပြင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးဒေသဟာလည်း နိုင်ငံခြားခရီးသွားဧည့်သည်များ အထူးဆွဲဆောင်နေသော ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ နိုင်ငံတော်မှ ဟိုတယ်စီမံကိန်းတစ်ခုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း မြှင့်တင်ထားရှိပေးရန် လိုအပ်လာပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် မေးခွန်းမေးမြန်းတင်ပြလိုတာကတော့ ၂၅ ခုတင်ဆံ့ ညောင်ရွှေမြို့နယ် ပြည်သူ့ဆေးရုံအား ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

[ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ် ကိုယ်စား ဦးထွန်းမြင့်ဦး၊ မိုင်းပန်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင့်။ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ၏ မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် ၅၀ ဆံ့သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ကျုံပျော်မြို့နယ်ရှိ အိတ်ကတွတ်နှင့် ဒိုးဒန်းငူကျန်းမာရေးဌာနခွဲတို့အတွက် အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးသူရ(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျုံပျော်မြို့နယ်အတွင်း ရှိအဆောက်အအုံမရှိ၍ အခက်အခဲများကြုံတွေ့နေရသော ကျန်းမာရေးဌာနခွဲများနှင့် ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်အတွင်းမှာ ကျန်းမာရေးဌာန ခုနစ်ခုနှင့် ကျန်းမာရေးဌာနခွဲပေါင်း ၃၈ ခုရှိပါတယ်။ ဌာနခွဲ ၂၃ ခုမှာ သင့်တင့်ကောင်းမွန်တဲ့ အဆောက်အအုံများ မရှိကြပါ။ အချို့သောကျန်းမာရေးဌာနများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများအား သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်၍အဆင်ပြေသော်လည်း ကိုယ်ဝန်ဆောင်အမျိုးသမီးများ မီးဖွားမှုဆောင်ရွက်ရာတွင် အခက်အခဲများစွာနဲ့ ကြုံတွေ့နေရပါတယ်။ အိမ်တိုင်ရာရောက်လိုက်လံမွေးဖွားပေးမှုများဆောင်ရွက်ရာတွင်လည်းဖြစ်သလိုဆောင်ရွက်နေကြရသောကြောင့် အဆင်ပြေချောမွေ့ခြင်းမရှိသည့်အပြင် ပိုးမွှားသန့်ရှင်းရေးလုပ်ငန်းများလည်း ပြည့်ဝစွာဆောင်ရွက်နိုင်ခြင်း

မရှိပါ။ အိက္ကတွတ်၊ ဒိုးဒန်းငူ၊ ဂနိမ်း၊ မျှော့တူစသောကျန်းမာရေးဌာနများတွင် အဆောက်အအုံများမရှိသည့်အပြင် သွားလာရေးခက်ခဲသော အရပ်ဒေသများလည်း ဖြစ်ကြပါတယ်။

သို့အတွက်ကြောင့် ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းမှာ ကျုံပျော်မြို့နယ်အတွင်းရှိ ကျန်းမာရေးအဆောက်အအုံမရှိ၍ အခက်အခဲများကြုံတွေ့နေကြရသောဒေသများအနက်မှ (၁) အိက္ကတွတ်ကျန်းမာရေးဌာနခွဲနှင့် (၂) ဒိုးဒန်းငူကျန်းမာရေးဌာနခွဲတို့အတွက် အဆောက်အအုံအသစ်များ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရရဲ့မေးခွန်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်အတွင်းရှိ အိက္ကတွတ်ကျန်းမာရေးဌာနခွဲနှင့် ဒိုးဒန်းငူကျန်းမာရေးဌာနခွဲတို့အတွက် အဆောက်အအုံများ ဆောက်လုပ်ပေးပါရန်နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျုံပျော်မြို့နယ် ဆေးရုံတွင် လက်ထောက်ဆရာဝန်(၂)ခန်းတွဲတစ်လုံး၊ သူနာပြု(၄)ခန်းတွဲတစ်လုံး၊ ဝန်ထမ်းနေအိမ်(၆)ခန်းတွဲတစ်လုံးတို့အတွက် ကျပ်သန်း ၇၀၊ ရေစခန်းတိုက်နယ်ဆေးရုံ၊ အထောင်တိုက်နယ်ဆေးရုံ၊ အင်းရဲတိုက်နယ်ဆေးရုံနှင့် ဒိုက်ဗျိုက်တိုက်နယ်ဆေးရုံတို့တွင် လက်ထောက်ဆရာဝန်နေအိမ်(၂)ခန်းတွဲ တစ်လုံး၊ သူနာပြု(၄)ခန်းတွဲတစ်လုံး၊ ဝန်ထမ်း(၆)ခန်းတွဲနေအိမ်တစ်လုံးတို့ ဆောက်လုပ်ပေးရန်အတွက် ကျပ် ၆၈ သန်း၊ ဝဲကြီးကျေးရွာ၊ မိုးကြိုးပစ်ကျေးရွာ၊ ဒနော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ရန်အတွက် ကျပ် သန်း ၆၀၊ ရှားခဲကျေးရွာ၊ အင်းတယောကျေးရွာ၊ ကုန်းသာ ကြီးကျေးရွာ၊ ညောင်ပင်ဆိပ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ပေးရန် ကျပ် ၃၅ သန်း ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အိက္ကတွတ်ကျန်းမာရေးဌာနခွဲနှင့် ဒိုးဒန်းငူကျန်းမာရေးဌာနခွဲတို့ ဆောက်လုပ်ပေးရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်းနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

နှစ်အလိုက်စီမံကိန်းများအရ ဦးစားပေးအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

**တမူးခရိုင်၊ မြို့သစ်မြို့နယ်ခွဲ၊ ဖိုင်လင်းကျေးရွာ အ.လ.က (ခွဲ)အား အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသခံပြည်သူများရဲ့တင်ပြချက်အရ ပညာရေးနဲ့စပ်လျဉ်းတဲ့ မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်းရဲ့ အထက်ပိုင်းဒေသမှာ အလယ်တန်းကျောင်းခွဲနှစ်ကျောင်း၊ မူလတန်းလွန်ကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းငါးကျောင်းနဲ့ အ.မ.က (ခွဲ)ကျောင်းတို့ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ အထက်ပိုင်းဒေသက အဋ္ဌမတန်းအောင်မြင်ပြီး ကျောင်းသားကျောင်းသူအများစုဟာ မြို့သစ်အ.ထ.ကသို့ သွားရောက်ပညာသင်ကြားနိုင်ခြင်း မရှိကြတဲ့အတွက် အလယ်တန်းပညာအဆင့်ထိသာ သင်ကြားနိုင်ကြပြီး ပညာတတ်များထွန်းကားမှုနည်းပြီး ဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသလည်း ဖြစ်ပါတယ်။

အဆိုပါ အလယ်တန်းကျောင်းခွဲနှစ်ခုအနက် ဖိုင်လင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဟာ အ.လ.က(ခွဲ)အဖြစ် ၁၉၉၁ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည်မှာ ယခုဆိုလျှင် ၂၄ နှစ်နီးပါးရှိလာပြီဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ မူလတန်းအဆင့် ၁၄၉ ဦးနဲ့ အလယ်တန်းအဆင့် ၈၈ ဦးတို့ ပညာသင်ကြားခဲ့ပါတယ်။ အိမ်ခြေနှင့် လူဦးရေအရ ပညာရေးဌာနက သတ်မှတ်ထားတဲ့ လူဦးရေကို ပြည့်မီမှအလယ်တန်းကျောင်းအဆင့်ပေးမည်ဆိုပါက အဆိုပါကျေးရွာများသည် မည်သည့်အခါမျှရနိုင်မည်မဟုတ်ပါ။ ယခင်နှစ်ကလည်း အလယ်တန်းကျောင်းရရန် လျှောက်ထားခဲ့သော်လည်း ကျောင်းသားဦးရေကန့်သတ်မှုအရ အဆင့်တိုးမြှင့်ပေးခဲ့ခြင်းမရှိပါ။

အဆိုပါဒေသသည် ချင်းတိုင်းရင်းသားများနေထိုင်တဲ့ဒေသလည်းဖြစ်ပြီး မိဘပြည်သူများကလည်း မိမိတို့၏သားသမီးများကို အခြေခံပညာအဆင့်ကို ပြီးမြောက်စေလိုတဲ့ဆန္ဒများလည်း ရှိနေကြပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ မူလတန်းအဆင့် ၁၆၇ ဦးနှင့် အလယ်တန်းအဆင့်

၉၁ ဦးတို့ ပညာသင်ကြားပေးလျက်ရှိပါတယ်။ ဒေသခံပြည်သူများနဲ့ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲမှာ ဒေသခံပြည်သူများက ၎င်းတို့ရဲ့ အ.လ.က(ခွဲ)ကျောင်းအား အ.လ.ကအဆင့်သို့ တိုးမြှင့်ပေးနိုင်ရေး ထပ်မံတင်ပြခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါသည်ခင်ဗျား။ တမူးခရိုင်၊ မြို့သစ်မြို့နယ်ခွဲ၊ ဖိုင်လင်းကျေးရွာ အ.လ.က(ခွဲ)အား ကျောင်းသားဦးရေအရမဟုတ်ဘဲ ချင်းတိုင်းရင်းသားများသာ နေထိုင်တဲ့ဒေသဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နိုင်ငံတော်၏လစာနှစ်ဆရရှိတဲ့ ဒေသဖြစ်ခြင်း၊ ယခင်ကနိုင်ငံတော်အကြီးအကဲများ၏ ကဘော်ချိုင့်ဝှမ်းအထူးစီမံကိန်းများ အကောင်အထည်ဖော်သောဒေသဖြစ်ခြင်းတို့ကြောင့် အ.လ.က(ခွဲ)အဆင့်မှ အ.လ.ကအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးရန်လျာထားကြောင်း သိရှိလိုပါသဖြင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေရဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ဖိုင်လင်းအခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ပဉ္စမတန်း ၂၉ ဦး၊ ဆဋ္ဌမတန်း ၂၇ ဦး၊ သတ္တမတန်း ၁၈ ဦး၊ အဋ္ဌမတန်း ၁၇ ဦး စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသားဦးရေ ၉၁ ဦးသာရှိပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။ အများအားဖြင့် ကျောင်းသားဦးရေ ပြည့်မီခြင်းရှိ/မရှိ၊ ကျောင်းအဆောက်အဦ ပရိဘောဂပြည့်စုံမှု ရှိ/မရှိတို့အပေါ် ထည့်သွင်းစဉ်းစားသတ်မှတ်ပါတယ်။ သို့ရာတွင် ကျောင်းအဆောက်အဦ မြေနေရာ ရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့်လိုအပ်ချက်များ အပေါ်

မူတည်၍လည်း သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ပါ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေသတ်မှတ်ချက်အဆင့်မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ပါကြောင်း သဘောထားမှတ်ချက်နှင့်တင်ပြလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရွှေကူမြို့နယ်၊ မြို့လှမြို့နယ်ခွဲရှိ မူလတန်းလွန်ကျောင်း(၃) ကျောင်းအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်ရှိ မင်းကျောင်းကုန်းကျေးရွာ မူလတန်းလွန်ကျောင်း၊ မဏိသြဂကျေးရွာ မူလတန်းလွန်ကျောင်း၊ ရွှေဘုံသာကျေးရွာ မူလတန်းလွန်ကျောင်းတို့အား အလယ်တန်းကျောင်းခွဲများအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရေးနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

၎င်းကျောင်းသုံးကျောင်းကို အလယ်တန်းကျောင်းခွဲအဆင့် တိုးမြှင့်ပေးရေးကို ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးခွန်းမေးမြန်းခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျောင်းအဆင့်တိုးမြှင့်လိုသောကျောင်းများအား အမှုတွဲအမြန်တင်ပြရန် အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ၃၀-၁၂-၂၀၁၃ ရက်နေ့တွင် သက်ဆိုင်ရာပြည်နယ်ပညာရေးမှူးရုံးသို့ အကြောင်းကြားထားသော်လည်း အဆိုပါကျောင်းသုံးကျောင်းသည် အမှုတွဲတင်ပြလာမှုမရှိသေး

ပါသဖြင့် အဆင့်တိုးမြှင့်ပေးရန်အတွက် အစီအစဉ်မရှိသေးပါကြောင်းဟု ဖြေကြားခဲ့ပါတယ်။ ဒီဖြေကြားချက်နှင့်ပတ်သက်၍ ကျွန်တော်တင်ပြလိုပါတယ်။

အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ပေးရန် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့စွဲဖြင့် ပညာရေးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီတို့အား အဆိုပါကျောင်းသုံးကျောင်း၏ အမှုတွဲများနှင့် ကိုယ်တိုင်တင်ပြတောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ဒေသခံမဲဆန္ဒရှင်ပြည်သူများက ပြည်နယ်ပညာရေးမှူးရုံးသို့ တင်ပြတောင်းခံသော အမှုတွဲများမှ မိတ္တူကူးပေးပြီး တင်ပြလာခြင်းဖြစ်ပါတယ်။ မင်းကျောင်းကုန်းရွာသည် မြို့လှမြို့နယ်ခွဲတွင်ပါဝင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနယ်စပ်ကောက်ကွေ့ချောင်းခြား၍ တည်ရှိနေသောရွာ ဖြစ်ပါတယ်။ မြို့လှ အ.ထ.က နှင့်အလှမ်းဝေးခြင်း၊ ဘိုကုန်း အ.ထ.က နှင့်လည်း ဧရာဝတီမြစ်၏ တစ်ဘက်ကမ်း အလှမ်းဝေးလျက်ရှိပါတယ်။ ရွှေကူမြို့သည် ဧရာဝတီမြစ်နားတည်ရှိပြီး မြို့နယ်အတွင်းရှိအချို့ကျေးရွာများသည် ဧရာဝတီမြစ်ဝှမ်းမြေနိမ့်ပိုင်းတွင်တည်ရှိကြ၍ နှစ်စဉ်မိုးရာသီတွင် ရေလွှမ်းမိုးသောဒေသဖြစ်ပါတယ်။ ချောင်းများမြောင်းများပေါ်များပြီး မိုးရာသီတွင် သွားလာမှုများမှာ ယခင်လှေများဖြင့် သွားလာရပြီး ယခုအခါ၌ စက်လှေများဖြင့် သွားလာရသဖြင့် ကလေးသူငယ် ကျောင်းသားကျောင်းသူများသွားလာမှုအန္တရာယ်များလှပါတယ်။

တစ်ဖန် ယနေ့အခြေခံပညာရေးတွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့အား အခမဲ့ပညာရေးစနစ်ဖြစ်လာပြီဖြစ်တဲ့အတွက် အလယ်တန်းအဆင့်ပြီးဆုံးသည်အထိ သင်ကြားနိုင်ရန် အနိမ့်ဆုံးအဆင့် အလယ်တန်းကျောင်းခွဲရှိရန် လိုအပ်လာပါတယ်။ ဒေသခံမဲဆန္ဒရှင်ပြည်သူများ၏ တင်ပြချက်အရ သတ်မှတ်ထားသောကျောင်းသားဦးရေ မပြည့်မီသော်လည်း ဒေသဖွံ့ဖြိုးမှုနောက်ကျခြင်း၊ လမ်းပန်းဆက်သွယ်မှုနှင့် သဘာဝအတားအဆီးများဖြစ်သော ကုန်းတစ်တန်၊ ချောင်းတစ်တန်၊ ရေတစ်တန်သွားလာမှု ခက်ခဲသောဒေသဖြစ်သဖြင့် မူလတန်းလွန်ကျောင်းများကို အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ပေးရန် တင်ပြတောင်းဆိုလာပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မတိုးပေးနိုင်ပါက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တိုးမြှင့်ပေးရန် တင်ပြလာကြပါတယ်။

သို့ပါ၍ ရွှေကူမြို့နယ်၊ မြို့လှမြို့နယ်ခွဲ၊ မင်းကျောင်းကုန်း မူလတန်းလွန်ကျောင်း၊ မဏိသြဂမူလတန်းလွန်ကျောင်းနှင့် ရွှေဘုံသာမူလတန်းလွန်ကျောင်းတို့အား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်မရှိပါက အဘယ်ကြောင့်

နည်း။ လေးစားစွာဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်အတွင်းရှိ အခြေခံပညာမူလ တန်းလွန်ကျောင်းများဖြစ်ကြသော မင်းကျောင်းကုန်းတွင် အလယ်တန်းအဆင့်သင်ကျောင်းသား ပဉ္စမ တန်း ၂၂ ဦး၊ ဆဋ္ဌမတန်း ၂၃ ဦး၊ သတ္တမတန်း ၂၀ ဦး စုစုပေါင်းအလယ်တန်းအဆင့်သင် ကျောင်းသား ဦးရေ ၆၅ ဦး၊ မဏိသြဂတွင် အလယ်တန်းအဆင့်သင်ကျောင်းသား ပဉ္စမတန်း ၅၃ ဦး၊ ဆဋ္ဌမတန်း ၃၄ ဦး၊ သတ္တမတန်း ၃၈ ဦး စုစုပေါင်း အလယ်တန်းအဆင့်သင်ကျောင်းသားဦးရေ ၁၂၅ ဦး၊ ရွှေဘုံသာ တွင် အလယ်တန်းအဆင့်သင်ကျောင်းသား ပဉ္စမတန်း ၄၂ ဦး၊ ဆဋ္ဌမတန်း ၂၂ ဦး၊ သတ္တမတန်း ၂၃ ဦး စုစုပေါင်း အလယ်တန်းအဆင့်သင်ကျောင်းသားဦးရေ ၈၇ ဦးရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများရှိပါတယ်။ အများ အားဖြင့် ကျောင်းသားဦးရေပြည့်မီခြင်းရှိ/မရှိ၊ ကျောင်းအဆောက်အဦ ပရိဘောဂပြည့်စုံမှုရှိ/မရှိ၊ လမ်း ပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များ အပေါ်မူတည်၍လည်း သတ်မှတ်ထားသည့်မူဝါဒများကို အထူးကိစ္စအဖြစ်ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်လည်းရှိပါတယ်။

သို့ပါ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ်မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့်မူဝါဒကို ဖြေလျှော့ ပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့် ပေးသင့်ပါကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**သဲကုန်းမြို့ ပုတီးကုန်း အ.ထ.က ကျောင်းအတွက် နှစ်ထပ်ကျောင်းဆောင်ကို မည်သည့် ဘဏ္ဍာနှစ်တွင် ချထားပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သဲကုန်းမြို့ ပုတီးကုန်းအထက်တန်းကျောင်းချထားပေးရန်နှင့်ပတ်သက်၍ မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သဲကုန်းမြို့နယ်၊ ပုတီးကုန်းကျောင်း အ.ထ.ကဟာ ကျောင်းအုပ်ဆရာကြီးနှင့်တကွ ကျောင်းအကျိုးတော်ဆောင် ရပ်မိရပ်ဖတွေဟာ ယခင်နှစ်များစွာကပင် ပူးပေါင်းပြုပြင်ထိန်းသိမ်းပြီးတော့ အသုံးပြုနေရတဲ့ အန္တရာယ်ရှိကျောင်းဆောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွန်ခဲ့တဲ့နှစ်က ဒီကျောင်းဆောင်အပါအဝင် ကျောင်းပေါင်း ၁၇ ကျောင်း အရေးကြီးပြုပြင်ထိန်းသိမ်းရန် တင်ပြခဲ့သော်လည်း အစီအစဉ်မရှိသေးပါကြောင်းသာဖြေကြားခဲ့တာတွေ့ရပါတယ်။ ယခုနှစ်မှာတော့ ကျွန်တော်တို့ သဲကုန်း အ.ထ.ကကိုတော့ ဆောင်ရွက်ပေးမယ်လို့ ကျွန်တော့်ဆီကို ပြန်ကြားပြီးဖြစ်ပါတယ်။ ဒါကြောင့် သဲကုန်း အ.ထ.က နည်းတူ ပုတီးကုန်း အ.ထ.က ဟာလည်းပဲ ပျက်စီးပြီး အန္တရာယ်ရှိကျောင်းဆောင်ဖြစ်တဲ့အတွက် နှစ်ထပ်ကျောင်းဆောင်သစ်ကို ချထားပေးပါရန်နှင့် အကယ်၍ ယခုနှစ် ချထားမပေးနိုင်သေးလို့ရှိရင် မည်သည့်ဘဏ္ဍာရေးနှစ်မှာ ချထားပေးမယ်ဆိုတာကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်သစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရ မြို့နယ်ဦးစားပေးအစီအစဉ်အလိုက်၊ ကျောင်းအလိုက် တန်းစီဇယားတွင် ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်

တော်ကြီးတင်ပြလာသော ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်း အခြေခံပညာအထက်တန်းကျောင်းတွင် ပင်မဆောင် (၂၈၀ ပေ x ၃၀ ပေ)၊ နှစ်ထပ်ကျောင်းဆောင် (၁၀၀ ပေ x ၃၀ ပေ) မဟူရာဆောင်နှင့် (၂၀၀ ပေ x ၃၀ ပေ) နီလာဆောင်တို့အား ပြန်လည်ပြုပြင်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ်သန်းပေါင်း ၂၅ သန်းခွဲဝေပေးပြီးပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါကျောင်းအတွက် (၁၄၀ ပေ x ၃၀ ပေ) နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေကျပ် ၁၃၄.၄၀ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားချက်စာရင်းတွင် လျာထားတင်ပြပြီးဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နန်းယွန်းမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာဆရာမများနေထိုင်ရန်နှင့် ပညာရေးဝန်ထမ်းများ ခေတ္တတည်းခိုနိုင်ရန်အတွက် အဆောက်အအုံတစ်လုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇင်းဝမ်(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်းဝမ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မြို့နယ် နန်းယွန်းမြို့အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးဝန်ထမ်းများနေထိုင်ရန်နှင့် ပညာရေးဝန်ထမ်းများခေတ္တတည်းခိုနေထိုင်ရန်အတွက် အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးဝန်ထမ်းဆရာဆရာမများနေထိုင်ရန်နှင့် ပညာရေးဝန်ထမ်းများ ခေတ္တတည်းခိုနေထိုင်နိုင်ရန်အတွက် အဆောက်အဦလိုအပ်လျက်ရှိရာ (၁၀၀ ပေ x ၃၀ ပေ x ၁၁ ပေ) အတိုင်းအတာ အဆောက်တစ်ဆောင်ဆောက်လုပ်ပေးရန် အရေးတကြီးလိုအပ်လျက်ရှိပါတယ်။ နန်းယွန်းမြို့ အခြေခံပညာအထက်တန်း

ကျောင်းသည် မြို့နယ်ပညာရေးမှူးရုံး တည်ရှိရာ နေရာဌာနဖြစ်ပါသည်။ ပညာရေးဝန်ထမ်းများသည် ပြည်နယ်နှင့် ပြည်မများမှ လာရောက်တာဝန်ထမ်းဆောင်ကြသူများဖြစ်ပါတယ်။ နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ကျသည့် ဆရာဆရာမများ နေထိုင်ရန်နှင့် ပန်ဆောင်မြို့နယ်ခွဲနှင့် ဒုံးဟီးမြို့နယ်ခွဲတို့မှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာဆရာမများအတွက် ခေတ္တတည်းခိုနေထိုင်နိုင်ရန် အဆောက်အဦမရှိသဖြင့် များစွာအခက်အခဲကြုံတွေ့နေရပါတယ်။ ထို့ကြောင့် ပညာရေးဝန်ထမ်းများအတွက် အဆောက်အဦတစ်ဆောင် မရှိမဖြစ်လိုအပ်လျက်ရှိသည်ကိုတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေစွာမေးမြန်းလိုတာကတော့ (က)နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးဝန်ထမ်း ဆရာဆရာမများ နေထိုင်ရန်နှင့် ပညာရေးဝန်ထမ်းများ ခေတ္တတည်းခိုနေနိုင်ရန် အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် အစီအစဉ်မရှိပါက မည်သည့်အကြောင်းကြောင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို သိရှိလိုပါသဖြင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်းဝမ်ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း အပြီးသတ်ဆောက်လုပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ ကျောင်းဆောက်လုပ်ပြီးစီး၍ သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြို့နယ်ဦးစားပေးအစီအစဉ်အလိုက်၊ ကျောင်းအလိုက် တန်းစီဇယားတွင် ထည့်သွင်းလျာထားခြင်းများဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ် ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယားအရ နန်းယွန်းမြို့နယ်တွင် အခြေခံပညာကျောင်း ၂၈ ကျောင်းအတွက် ငွေကျပ် ၅၂၂ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြပြီး ဖြစ်ပါသဖြင့် ယခု ကိုယ်စားလှယ်တော်ကြီးတင်ပြသော နန်းယွန်းမြို့အခြေခံပညာအထက်တန်းကျောင်း တွင် ပညာရေးဝန်ထမ်း ဆရာဆရာမများ နေထိုင်ရန်နှင့် ပညာရေးဝန်ထမ်းများ ခေတ္တတည်းခိုနေထိုင် ရန်၊ အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် လိုအပ်သော ကျောင်းဆောင်အသစ်ဆောက် လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးနိုင်(မင်းတုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်း ဒေသကြီး၊ မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းရဲ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုမှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ၄၈.၃၇ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ၄၈.၈၂ ရာခိုင်နှုန်းနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ၄၇.၃၆ ရာခိုင်နှုန်းတို့ဖြင့် အောင်မြင်မှုများရရှိခဲ့ပါ တယ်။ သို့အတွက်ကြောင့်လည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၁၂၀၀ ဦး ခန့်သာရှိခဲ့ရာမှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဇွန်လရှိ ကျောင်းသားဦးရေမှာ ၁၆၅၈ ဦးထိ ရှိလာခဲ့ပါ တယ်။ သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသားဦးရေ ၁၃၃ ဦးရှိပြီး မူလတန်းကျောင်းဆောင် တစ်ခုတွင် ကျောင်းသားဦးရေနှင့် စာသင်ခန်းလုံလောက်မျှတမှုရှိပါတယ်။

သို့သော် ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသားဦးရေမှာ ၁၅၂၅ ဦးရှိပြီး စာသင်ဆောင် လေးဆောင်တွင် စာသင်ခန်း ၂၂ ခန်းဖြင့် စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသားဦးရေ ၇၀ ဦးနှုန်းဖြင့် သင်ကြားနေရပါတယ်။ စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသား ၄၀ ဦးဖြင့် တွက်ချက်ပါက လိုအပ်သော စာသင်ခန်းမှာ ၃၈ ခန်း လိုအပ်မှာဖြစ်တဲ့အတွက် ထပ်မံလိုအပ်မည့်စာသင်ခန်းမှာ ၁၆

ခန်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခန်းထပ်မံလိုအပ်နေပါသဖြင့် လိုအပ်သော ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရန်အတွက် ရန်ပုံငွေခွဲဝေချထားပေးနိုင်ပါရန် သတ်မှတ်ပုံစံများနှင့်အတူ အမှုတွဲအားလည်း မြို့နယ်ပညာရေးမှူး ရုံးမှ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးသို့ တင်ပြတောင်းခံထားပြီးလည်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုသည့်မေးခွန်းမှာ မင်းတုန်းမြို့ အခြေခံပညာအထက်တန်း ကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဖြည့်စွက်ရန်ပုံငွေတွင် အထူးဦးစားပေးအစီအစဉ်ဖြင့် ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိသိရှိလိုပါ တယ်။ အကယ်၍ အစီအစဉ်မရှိပါကလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ မိဘပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသော မင်းတုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း တွင် (၉၀ ပေ x ၃၀ ပေ) သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် ဆောက်လုပ်ပေးရန် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေကျပ် ၃၂.၄ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားတင်ပြပြီးဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သနပ်ပင်မြို့နယ်၊ နတ်ရေကန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှင့် အထက်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာ ဆရာမများခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ နတ်ရေကန် အထက်တန်းကျောင်းခွဲမှာ အထက်တန်းကျောင်းသားဦးရေ ၈၂ ဦးရှိပြီးတော့ အထက်တန်းပြဆရာတစ်ဦးပဲရှိနေပါတယ်။ သနပ်ပင်မြို့နယ်မှာ အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) ၁၀ ကျောင်းရှိပါတယ်။ ယင်းကျောင်းတွေရဲ့အထက်တန်းပြဆရာ လိုအပ်မှုတွေကတော့ အ.ထ.က သနပ်ပင် ၇ ဦး၊ အ.ထ.က မင်းရွာ ၂ ဦး၊ အ.ထ.က ရေတံခါးတာဝ ၆ ဦး၊ အ.ထ.က ကမာစဲ ၆ ဦး၊ အ.ထ.က ကုလားချောင်းကြီး ၉ ဦး၊ အ.ထ.က(ခွဲ)ကျီးပင်စု ၅ ဦး၊ အ.ထ.က(ခွဲ)နတ်ရေကန် ၇ ဦး၊ အ.ထ.က(ခွဲ) ခရမ်း ၇ ဦး၊ အ.ထ.က(ခွဲ) ကျွန်းကြီး ၄ ဦးနှင့် အ.ထ.က(ခွဲ) ကျုံပါချောင်းဝ ၇ ဦး စုစုပေါင်း ၆၀ ဦးလိုအပ်နေပါတယ်။ ဖော်ပြပါ သနပ်ပင်မြို့နယ်လိုပဲ နိုင်ငံအဝှမ်းမှာရှိတဲ့ အခြေခံပညာကျောင်းများမှာလည်း ဆရာမပြည့်စုံတဲ့ အခက်အခဲများရှိနေကြောင်းနှင့် ပညာရည်မြင့်မားတဲ့ လူငယ်များစွာဟာ အလုပ်လက်မဲ့ဖြစ်နေကြသော်လည်း လစဥ်ချီးမြှင့်ငွေနဲ့ဂုဏ်သိက္ခာအရ အထူးသဖြင့် မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့ရသူများနှင့် အမျိုးသားများက အခြေခံပညာရေးဝန်ထမ်းလုပ်ရန် စိတ်ဝင်စားမှုအလွန်နည်းကြကြောင်း သိရှိရပါတယ်။

နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုဟာ အလွန်အရေးကြီးပါတယ်။ အခြေခံပညာရေးမှာ ပညာရေးတစ်ရပ်လုံးရဲ့ အခြေခံအုတ်မြစ်ဖြစ်တာကြောင့် ပညာရည်မြင့်မားတဲ့ ဆရာများနှင့် အခြေခံပညာရည်ကောင်းများ အုတ်မြစ်ချနိုင်ဖို့လိုအပ်ပါတယ်။ အဲ့လိုဆောင်ရွက်နိုင်ဖို့ ပညာရည်မြင့်မားတဲ့ ဆရာများ စိတ်ပါဝင်စားလာရေးအတွက် လစဥ် ချီးမြှင့်ငွေနဲ့ အဆင့်အတန်းသတ်မှတ်ချက် ပညာရေးမူဝါဒပြောင်းလဲရန်လိုအပ်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ သနပ်ပင်မြို့နယ် နတ်ရေကန် အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အထက်တန်းကျောင်းများတွင် လိုအပ်လျက်ရှိတဲ့ အထက်တန်းပြဆရာများ ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဥ်ရှိပါသလား၊ ရှိလျှင် မည်သည့်အချိန်တွင် ခန့်ထားပေးပါမည်နည်း။ မရှိလျှင်အဘယ်ကြောင့်ပါနည်း။ နိုင်ငံအဝှမ်းမှာရှိတဲ့ အခြေခံပညာကျောင်းများမှာ ကျောင်းသားနှင့်ဆရာ အချိုးညီ ခန့်ထားပေးရန် အစီအစဥ်ရှိပါသလား။ အခြေခံပညာရေးတွင် အရည်အသွေးမြင့်မားတဲ့ ဆရာများခန့်ထားနိုင်ရေးအတွက် လစဥ်ချီးမြှင့်ငွေနဲ့ အဆင့်အတန်းသတ်မှတ်မှုများအား ပြည်လည်သုံးသပ်ရန် ပညာရေးမူဝါဒပြောင်းလဲရန် အစီအစဥ်ရှိ/မရှိ သိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် နတ်ရေကန်အခြေခံပညာအထက်တန်းကျောင်းခွဲတွင် အထက်တန်းအဆင့်ပင်ကျောင်းသားဦးရေ ၈၆ ဦးရှိပါသည်။ အထက်တန်းပြဆရာတစ်ဦးသာရှိသည့်အတွက် ပြင်ပမှဆရာသုံးဦးအား ကျေးရွာပံ့ပိုးမှုဖြင့် ဌာနမ်းသင်ကြားပေးလျက်ရှိသည့်အပြင် အလယ်တန်းပြနှစ်ဦးကိုလည်း အထက်တန်းအဆင့်သို့ တက်ရောက်ပံ့ပိုးသင်ကြားပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါကျောင်းအပြင် အခြားအခြေခံပညာအထက်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာဆရာမများအား ၂၀၁၄ ခုနှစ်တွင် ဖြည့်ဆည်းခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတစ်ဝှမ်းတွင်ရှိသော အခြေခံပညာကျောင်းများ၌ ကျောင်းသားနှင့်ဆရာ အချိုးညီရေးအတွက် နှစ်စဉ်ဆရာဆရာမများ တိုးမြှင့်ခန့်ထားပေးလျက်ရှိပါတယ်။ သို့ရာတွင် နှစ်စဉ်တိုးတက်လာသည့် ကျောင်းသားဦးရေ၊ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသောကျောင်းများကြောင့် တိုးမြှင့်ခန့်ထားပေးသည့်ဆရာအရေအတွက်မှာ လိုက်မမီခြင်းဖြစ်နေရခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်များတွင် လိုအပ်သည့်ဆရာဦးရေလျှော့ချနိုင်ရန် နေ့စားလပေးဆရာဆရာမများကို စိစစ်ခန့်ထားပေးခဲ့ပါကြောင်းနှင့် အဆင့်လိုက်လိုအပ်သည့် ကျွမ်းကျင်ဆရာဆရာမများကို ပညာရေးကောလိပ်များနှင့် ပညာရေးတက္ကသိုလ်များမှ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာရေးတွင် အရည်အသွေးမြင့်ဆရာဆရာမများ ခန့်ထားနိုင်ရေးအတွက် ပညာရေးကောလိပ်များနှင့် ပညာရေးတက္ကသိုလ်များမှ ဆရာဆရာမများကို နှစ်စဉ်လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးလျက်ရှိပါတယ်။ အရည်အသွေးမြင့် မွမ်းမံသင်တန်းများကိုလည်း အခါအားလျော်စွာ သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် နွေရာသီကျောင်းပိတ်ရက် ရက်ရှည်များတွင် သင်တန်းများပေးလျက်ရှိပါတယ်။ ပညာရေးဝန်ထမ်းများ၏ လစာနှုန်းထားများကို သင့်တင့်သော အတိုင်းအတာတစ်ခုထိ တိုးမြှင့်ခွင့်ပြုပေးခဲ့ပြီး လုပ်သက်ရင့်မူလတန်းပြများနှင့် အလယ်တန်းပြများကိုလည်း တစ်ဆင့်မြင့်

ရာထူး လစာခံစားခွင့်များကို စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ပညာရေးမူဝါဒအပြောင်းအလဲအတွက် အမျိုးသားပညာရေးဥပဒေကို အတည်ပြုပြီးပါက ဥပဒေနှင့်အညီ အခြေခံပညာရေးတွင် အရည်အသွေးမြင့် ဆရာများခန့်ထားနိုင်ရေးအတွက် ဆရာဘဝမြင့်မားတိုးတက်ရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ရန် အစီအစဉ်ရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လျှပ်စစ်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော လျှပ်စစ်ဥပဒေကြမ်းကို ၃၁-၇-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၈-၉-၂၀၁၄ ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးဒုတိယနေ့ရပ်နားကြောင်းနှင့်အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားမှာဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်စက်တင်ဘာလ ၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့်ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**မူကြမ်း**

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၀း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**